Myanmar Investment Commission

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

## Press Release: ---Myanmar-Korea Investment Promotion Seminar ကျင်းပခြင်း

Myanmar-Korea Investment Promotion Seminar ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ရန်ကုန်မြို့ရှိ Lottle Hotel ၌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် အာဆီယံ-ကိုရီးယားဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက် မှုဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများ မှ အဆင့်မြင့် အရာရှိများ၊ အာဆီယံ-ကိုရီးယားဗဟိုဌာနမှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ စုစုပေါင်း (၁၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ကိုရီးယားရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်နှင့် နှစ်နိုင်ငံကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပ ခြင်းဖြစ်ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ဦးသန်းအောင်ကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ Mr. Kim Young-sun၊ အထွေထွေ အတွင်းရေးမှူး၊ အာဆီယံ-ကိုရီးယားဗဟိုဌာနနှင့် H.E Lee Sang-wha၊ မြန်မာနိုင်ငံဆိုင်ရာ ကိုးရီးယား သံမှူတနိုင်ငံသံအမတ်ကြီး တို့မှ အဖွင့်အမှာစကားပြောကြားကြပါသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးမှ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်များ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်အရ ဖြစ်ပေါ်လာမည့် အခြေအနေတို့ကို လည်းကောင်း၊ ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍ၊စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍတို့ရှိ လက်ရှိအခြေခံ အဆောက်အအုံ စီမံကိန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများမှ ရှင်းလင်း ပြောကြားခဲ့ပါသည်။

ညနေပိုင်းတွင် One on one business matching session ကို ကျင်းပခဲ့ပြီး မြန်မာကုမ္ပဏီ (၁၇)ခုနှင့် ကိုရီးယားကုမ္ပဏီ (၁၂) ခုတို့မှ ပါဝင်ဆွေးနွေးခဲ့ပါသည်။ အဆိုပါ Mission တွင် အခြေခံအဆောက်အအုံနှင့် ထုတ်လုပ်မှုကဏ္ဍများမှ ကိုရီးယား

Email: dica@mptmail.net.mm
Website: www.dica.gov.mm

ရင်းနှီးမြှုပ်နှံသူများ ပါဝင်ပြီး မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို လေ့လာရန်နှင့် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးကွန်ယက်ရယူရန် အတွက် လာရောက်ခြင်း ဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm